မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ လ ၁၂၀၂၉၅ ရဲအုပ် တင်တင်လှ အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၈၇၈၁ အဖြစ်သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာ (၂၁၀/၂၀၂၅)**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ ပြောင်ခေါင်းကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၇၈၂၊ ရွှေမောင်အောင်၊ ၁၇၈၃ᴳ၊ ပန်းတင်တောင်)၊ ဦးပိုင်/မြေကွက်အမှတ် (၈၀၊ ၃၄ ခု၊ ၄၄၄) ရှိ မူလရှိ **စုစုပေါင်းမြေဧရိယာ ၁၂၃.၇၃ ဧက** အနက်မှ **မြေဧရိယာ ၁၁၈.၃၃ ဧက** ကို နေပြည်တော်ကောင်စီက ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက်

နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၅၁၁ (၂၃)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နေပြည်တော်ကောင်စီက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၁၈.၃၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၁၁/၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၂၆၈၅/ကျောက်မြောင်းအရှေ့)၊ မြေကွက်အမှတ် (၂၄၉) ရှိ **မြေဧရိယာ ၀.၄၁ ဧက** အား **ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျောက်မြောင်းမြို့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၁၂/၂၀၂၅)

### လူမှောင်ခိုကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ

၁။ လူမှောင်ခိုကူးသူများအား တားဆီးနှိမ်နင်းနိုင်ရေးနှင့် ထိရောက်စွာအရေးယူနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၅၀၆ (၁၀၂)/ ၁၂/ ကောင်စီရုံးဖြင့် ခွင့်ပြုချက်အရ **လူမှောင်ခိုကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ** အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) တပ်ဖွဲ့မှူး — ဥက္ကဋ္ဌ
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

( င ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

( စ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

( ဇ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

( ဈ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

( ဋ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ဌ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

( ဍ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဎ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဏ) လက်ထောက်စစ်ဥပဒေချုပ် အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(တ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ထ) ဒုတိယတပ်ဖွဲ့မှူး အတွင်းရေးမှူး
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

( ဒ ) ဦးစီးအရာရှိ (ပထမတန်း) တွဲဖက်အတွင်းရေးမှူး
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂။ လူမှောင်ခိုကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအပါအဝင် ပြဋ္ဌာန်းပြီးဥပဒေများကို လေ့လာသုံးသပ်ပြီး လူမှောင်ခိုကူးသူများအား တားဆီးနှိမ်နင်းရေးနှင့် ထိရောက်စွာအရေးယူနိုင်ရေးအတွက် လူမှောင်ခိုကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ (မူကြမ်း) ရေးဆွဲသွားရန်နှင့် ရေးဆွဲထားသည့် ဥပဒေ (မူကြမ်း) အား သက်ဆိုင်ရာ ရုံး/ ဌာနများသို့ သဘောထားအကြံပြုချက်များ တောင်းခံရန်၊

( ခ ) သက်ဆိုင်ရာ ရုံး/ ဌာနများ၏ အကြံပြုချက်များအပေါ် ဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီမှ စိစစ်ပြီး လိုအပ်ပါက ဥပဒေ (မူကြမ်း) ၏ အမည်အပါအဝင် အချက်အလက်များ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ရန်၊

( ဂ ) လူမှောင်ခိုကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ (မူကြမ်း) ပါ အကြောင်းအရာများကို အပိုဒ်လိုက် ခွဲခြား ဆွေးနွေးသုံးသပ်ခြင်း၊ လိုအပ်သည့် အစည်းအဝေးများပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဃ) ဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီမှ အတည်ပြုထားသည့် ဥပဒေ (မူကြမ်း) အား ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာအကြံပေးကော်မတီအစည်းအဝေးသို့တင်ပြ၍ အကြံပြုချက်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် အတည်ပြုချက်ရယူရန်၊

( င ) ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာအကြံပေးကော်မတီမှ အတည်ပြုသည့် ဥပဒေ (မူကြမ်း) အား ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြဆောင်ရွက်သွားရန်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမှတ် ၃၂။ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေဘာသာပြန်နှင့် ဥပဒေများပြန်လည်သုံးသပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်သိန်းလွင် (ဥ/၂၆၄၉) အား ကရင်ပြည်နယ် ဥပဒေချုပ်ရုံးသို့ ပြည်နယ်ဥပဒေအရာရှိအဖြစ် ပြောင်းရွှေ့နေရာချထားလိုက်သည်။

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်)

အမှတ် ၃၈။ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၄)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ယင်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ/မြို့နယ် ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၁။ | ဒေါ်နွယ်ခက်<br>ဥ/ ၃၇၃၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ကျောက်ဆည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၂။ | ဒေါ်အိအိမာ<br>ဥ/ ၃၇၈၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပဲခူးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃။ | ဒေါ်မြတ်ဆုဆုဇော်<br>ဥ/ ၃၆၇၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဟိုပုံးမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>မောက်မယ်မြို့နယ်ဥပဒေရုံး |
| ၄။ | ဒေါ်ဆုလှိုင်ဝင်း<br>ဥ/ ၃၇၀၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>လပွတ္တာမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၅။ | ဒေါ်ဆွေဇင်ဝင့်<br>ဥ/ ၃၇၈၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မော်လမြိုင်ကျွန်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး<br>(ဒီပဲယင်းမြို့နယ်ဥပဒေရုံးပူးတွဲတာဝန်) |
| ၆။ | ဒေါ်အေးသန္တာမြင့်<br>ဥ/ ၃၇၁၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဗိုလ်တထောင်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး<br>(စဉ့်ကူးမြို့နယ်ဥပဒေရုံးပူးတွဲတာဝန်) |
| ၇။ | ဒေါ်ရဝေအောင်<br>ဥ/ ၃၆၆၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>သာကေတမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး<br>(အရာတော်မြို့နယ်ဥပဒေရုံးပူးတွဲတာဝန်) |
| ၈။ | ဒေါ်မင်းမင်းခင်<br>ဥ/ ၃၆၈၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ရွှေပြည်သာမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၉။ | ဒေါ်ပန်ဆိုင်းအောင်<br>ဥ/ ၃၆၆၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မြစ်ကြီးနားမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ကချင်ပြည်နယ်ဥပဒေချုပ်ရုံး |
| ၁၀။ | ဦးဇော်မျိုးလွင်<br>ဥ/ ၃၇၅၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ချမ်းမြသာစည်မြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>ကလေးဝမြို့နယ်ဥပဒေရုံး |
| ၁၁။ | ဦးသက်နိုင်ထွေး<br>ဥ/ ၃၇၈၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဟသင်္တတမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး<br>(ကန့်ဘလူမြို့နယ်ဥပဒေရုံးပူးတွဲတာဝန်) |
| ၁၂။ | ဒေါ်နုနုလှိုင်<br>ဥ/ ၃၇၀၄ | ဒုတိယဦးစီးမှူး<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |

ဒေါက်တာ သီတာဦး

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်)

**တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်း**

စာရေးသူ **Ta Yaw** ရေးသားသည့် **အချစ်ထက်သာလွန်သော** စာအုပ်နှင့် စာရေးသူ **YELLOWISH-ONE** ရေးသားသည့် **MY STEP-MOM'S EX BECOMES MY HUSBAND** စာအုပ်များကို ထုတ်ဝေသူ ဒေါ်နှင်းပိုပိုအောင်၏ (အိုင်းရစ်စာပေ-၀၃၂၉၆) မှ ထုတ်ဝေခဲ့ပြီး ယင်းစာအုပ်များပါ အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ပါ "ညစ်ညမ်းစာများကိုဖော်ပြခြင်း" စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိရသဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အဆိုပါ ထုတ်ဝေစာများအား တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၅)**

**တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်း**

စာရေးသူ **ဖူးငုံခင်** ရေးသားသည့် **ချစ်လွန်လွန်း၍ ထုဆစ်ခဲ့သည်** စာအုပ်နှင့် စာရေးသူ **V Vkit** ရေးသားသည့် **ဗိုလ်ကြီးရဲ့နှင်းဆီ** စာအုပ်များကို ထုတ်ဝေသူ ဒေါ်သိမ့်ရတီ (Keren စာပေတိုက်-၀၃၃၀၄) မှ ထုတ်ဝေခဲ့ပြီး ယင်းစာအုပ်များပါ အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ပါ "ညစ်ညမ်းစာများကိုဖော်ပြခြင်း" စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိရသဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အဆိုပါ ထုတ်ဝေစာများအား တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက်)

၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးကျော်သူရ (ကပ-၆၆၃၅)<br>ခေတ္တညွှန်ကြားရေးမှူး (ထုတ်လုပ်)<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ညွှန်ကြားရေးမှူး (ထုတ်လုပ်)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (၁) | ဦးကျော်ဇေလင်း (ကပ-၅၄၉၂)<br>ဖိုတိုလစ်သိုပုံနှိပ်စက်ရုံမှူး<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး(ပုံနှိပ်)<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးနိုင်အောင် အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၅)

### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဒေသများတွင် တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဒေသ | တိုးမြှင့်ရာထူး |
|---|---|---|---|
| ၁။ | ဦးထွန်းထိန်လင်း | ဗဟိုသင်တန်းကျောင်း<br>(အထက်မြန်မာပြည်)<br>မိတ္ထီလာမြို့ | ညွှန်ကြားရေးမှူး |

| စဉ် | အမည် | လက်ရှိဒေသ | တိုးမြှင့်ရာထူး |
|---|---|---|---|
| ၂။ | ဦးဝင်းကျော်ဦး | ဇဟိုသင်တန်းကျောင်း (အောက်မြန်မာပြည်) ဘုရားကြီးမြို့ | ညွှန်ကြားရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၅)
### ဒေသပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စက်မှုလယ်ယာဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးလှနိုင် အား ဇဟိုသင်တန်းကျောင်း (အောက်မြန်မာပြည်)၊ ဘုရားကြီးမြို့သို့ တာဝန်ဝတ္တရာများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေတာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၅)
### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ခိုင်ခိုင်ထွေး အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၅)
### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ အောက်ဖော်ပြပါ သုတေသနမှူး (စိုက်ပညာရှင်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား ညွှန်ကြားရေးမှူး (စိုက်ပညာရှင်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဒေသများတွင် တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဒေသ | တိုးမြှင့်ရာထူး၊ တာဝန်၊ ပြောင်းရွှေ့ဒေသ |
|---|---|---|---|
| ၁။ | ဒေါက်တာ ခင်မျိုးဝင်း | ဆီထွက်သီးနှံ သုတေသနဌာနစု | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) တာဝန်ခံ၊ ယာသီးနှံ (Field Crops) သုတေသနဌာနခွဲ |

| စဉ် | အမည် | လက်ရှိဒေသ | တိုးမြှင့်ရာထူး၊ တာဝန်၊ ပြောင်းရွှေ့ဒေသ |
|---|---|---|---|
| ၂။ | ဒေါက်တာ နီနီတင့် | မြေဆီလွှာသိပ္ပံ သုတေသနဌာနစု | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်)၊ တာဝန်ခံ စိုက်ပျိုးရေးဆိုင်ရာသဘာဝအရင်းအမြစ်များ သုတေသနဌာနခွဲ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၅)

### ဒေသပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းမိုလ် အား စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၅)

### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာ မောင်မောင်စိုး အား ပဲခူးတိုင်း ဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန် ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၅)

### ဒေသပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ ရာထူး | လက်ရှိတာဝန်၊ ဒေသ | ပြောင်းရွှေ့တာဝန်၊ ဒေသ |
|---|---|---|---|
| ၁။ | ဒေါက်တာ သန်းအေး ညွှန်ကြားရေးမှူး | ပြည်နယ်ဦးစီးမှူး ကချင်ပြည်နယ် | တိုင်းဒေသကြီးဦးစီးမှူး မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါက်တာ ခင်ဇော် ညွှန်ကြားရေးမှူး | တိုင်းဒေသကြီးဦးစီးမှူး မန္တလေးတိုင်းဒေသကြီး | ပြည်နယ်ဦးစီးမှူး ကချင်ပြည်နယ် |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၅)

### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာ မြင့်အေး အား နည်းသစ်မျိုးရိုးဗီဇပညာဌာနတွင် လစ်လပ်လျက်ရှိသော ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်)

### ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လတွင်ကျင်းပပြုလုပ်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက်အစည်းအဝေး၏ ကြိုတင်ခွင့်ပြုချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ တင်အေးအေးနိုင် အား ဒုတိယပါမောက္ခချုပ် (စီမံ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၅)

### သက်ပြည့်ပင်စင်ခံစားခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲ စိစစ်သုံးသပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်လင်းလင်းသီ အား ၂၃-၆-၂၀၂၅ ရက်နေ့မှ ၂၂-၁၀-၂၀၂၅ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၂၃-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း ပြည်ပခရီးသွားရောက်နေသည့် ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှ မတ်လ ၉ ရက်နေ့အထိကာလအတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းထွေး အား မိမိ၏တာဝန်ဝတ္တရားများအပြင် စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို ယာယီပူးတွဲထမ်းဆောင်စေလိုက်သည်။

၂။ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း သည် ပြည်ပမှပြန်လည်ရောက်ရှိသည့်အခါ မိမိ၏ တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်ရန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းထွေး သည် ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို လွှဲပြောင်းပေးပြီးနောက် မိမိ၏ မူလတာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်)

### အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကဏ္ဍအလိုက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်–

(က) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍ) ၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ဦးထန်ရှင်းမုန်<br>ညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၂) | ဦးညွန့်ဝေ<br>ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (၃) | ဦးမြင့်စိုး<br>ညွှန်ကြားရေးမှူး<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးအောင်မျိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>မြေတိုင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ တင်အောင်ဝင်း<br>ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အတွင်းရေးမှူး |

**(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာကဏ္ဍ) ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ဦးဇော်ဇော်လင်း<br>ညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးမိုးကျော်သူ<br>ဒုတိယအထွေထွေမန်နေဂျာ (စီမံ)<br>အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၃) | ဦးထွန်းထွန်းဇော်<br>လက်ထောက်အထွေထွေမန်နေဂျာ<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ဦးတင်ဝင်းကို<br>လက်ထောက်အထွေထွေမန်နေဂျာ<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၅) | ဦးရဲမျိုးမင်း<br>ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အတွင်းရေးမှူး |

၂။ အဆိုပါ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ရေးဆွဲဆောင်ရွက်ရန်၊

(ခ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး စီမံချက်အကောင်အထည်ဖော်ရာတွင် ပါဝင်မည့်သူများ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကာလကို သတ်မှတ်ရန်၊

(ဂ) ဌာနအဖွဲ့အစည်းများ၏ အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည့် နယ်ပယ်များကို ဆန်းစစ်ဖော်ထုတ်ခြင်းနှင့် တားဆီးကာကွယ်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန်၊

(ဃ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်း/ ဦးစီးဌာနများအလိုက် အဖွဲ့ငယ်များ လိုအပ်သလို ဖွဲ့စည်း ဆောင်ရွက်ရန်၊

(င) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဝန်ထမ်းများ သိရှိလိုက်နာကြစေရန်အတွက် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ရန်၊

(စ) ဌာနအဖွဲ့အစည်းများအတွင်း အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးမှုများအတွက် ဌာနတွင်း သတင်းပို့စနစ်တစ်ရပ် ထူထောင်ရန်၊

(ဆ) တိုင်ကြားစာများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ ဆောင်ရွက်ရန်၊

(ဇ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှ တာဝန်ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ရန်၊

(ဈ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးစီမံချက်များ၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ် အကဲဖြတ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးတက်မှုအခြေအနေများကို လစဉ်အစီရင်ခံတင်ပြရန်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်)

၁။ အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီလုပ်ငန်းကော်မတီ ASEAN Forum on Coal (AFOC) Implementation Committee ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင် ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ် | သတ္တုတွင်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ် | ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး | အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ် | သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ( င ) | အထွေထွေမန်နေဂျာ | အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူး | သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး | သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူး | ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ညွှန်ကြားရေးမှူး | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယအထွေထွေမန်နေဂျာ | အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယညွှန်ကြားရေးမှူး | သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | လက်ထောက်အထွေထွေ မန်နေဂျာ | အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| ( ဍ ) | ဒုတိယညွှန်ကြားရေးမှူး | သတ္တုတွင်းဦးစီးဌာန | အတွင်းရေးမှူး |
| ( ဎ ) | ဘူမိဗေဒအရာရှိကြီး | ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဏ) | ဒုတိယအထွေထွေမန်နေဂျာ | အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီလုပ်ငန်းကော်မတီ ASEAN Forum on Coal (AFOC) Implementation Committee ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေး ဆုံးဖြတ်ချက်များအရ နှစ်အလိုက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများမှ အချက်အလက်တောင်းခံခြင်း၊ သဘောထားမှတ်ချက်များ တောင်းခံရယူခြင်း၊ သဘောထားမှတ်ချက်များ ပြန်ကြားခြင်း၊ Workshop များ ပြုလုပ်ခြင်း၊ သင်တန်းများ ပြုလုပ်ခြင်းတို့အား ဝန်ကြီးဌာနကိုယ်စားပြု ဆောင်ရွက်ရန်၊

( ခ ) မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ASEAN Forum on Coal (AFOC) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ လုပ်ငန်း/ဌာနများအတွင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဂ ) မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသည့် ပုဂ္ဂလိကပါဝင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စာတမ်းနှင့် ကျောက်မီးသွေး၏ အလားအလာနှင့် အသုံးပြုခြင်းစာတမ်းများပြုစုနိုင်ရန် အာဆီယံ နိုင်ငံများထံမှ အချက်အလက်များ တောင်းခံခြင်း၊ သဘောထားမှတ်ချက်တောင်းခံခြင်းများ ဆောင်ရွက်ရန်၊

(ဃ) အခါအားလျော်စွာ ပေါ်ပေါက်လာသော အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီနှင့်ဆက်စပ်သည့် ကိစ္စရပ်များ ဆောင်ရွက်ရန်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/ ၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်လူမှုဖူလုံရေးရုံးနှင့် ၇၆.၂ မိုင်ခန့်အကွာအဝေးတွင်ရှိသော နမ့်စန်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ပြည်ထောင်စုလမ်းတွင်တည်ရှိသော ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (နမ့်စန်ဘဏ်ခွဲ)အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ နမ့်စန်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ပြည်ထောင်စုလမ်းတွင်တည်ရှိသော ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (နမ့်စန်ဘဏ်ခွဲ) အား ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၆၄/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ မြင့်မြင့်ခိုင် အား တောင်ငူတက္ကသိုလ်၊

ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် အလုပ်တာဝန်ဝတ္တရားများစတင် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) အစီအစဉ် ၄ (ည-၁၀) ၌ သဘောတူဆုံးဖြတ်ချက်အရ ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ စာတတ်မြောက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးအောင်နိုင် အား အဆိုပါဦးစီးဌာန စာတတ်မြောက်ရေးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထား လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၆၈/၂၀၂၅)**

အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ငူတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထားလွင် အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၇၁/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်)

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၁) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ဟသ်ာတတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အေးလွင် အား ၂၀၂၅ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ နံနက်ပိုင်းမှစတင်၍ သက်ပြည့် ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ ညွှန့်ဖေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၂၄ / ၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

၁။　ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)နှင့် ယင်းဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ဖော်ပြပါဆေးဝါးများကို မူးယစ်ဆေးဝါးများအဖြစ် ထုတ်ပြန်ကြေညာလိုက်သည် -

(က)　၁၉၆၁ ခုနှစ်၊ တစ်ခုတည်းသော မူးယစ်ဆေးဝါးများ ကွန်ဗင်းရှင်း ဇယား(၁) ပါ မူးယစ်ဆေးဝါးများ

ဇယား (၁)

| စဉ် | မူးယစ်ဆေးဝါး<br>(NARCOTIC DRUG) | ဓာတုအမည်<br>(CHEMICAL NAME) |
|---|---|---|
| (၁) | အက်စီတော်ဖင်း<br>(ACETORPHINE) | 3-*O*-acetylterahydro-7α-(1-hydroxy-1-methylbutyl)-6, 14-*endo*-ethenooripavine<br>(derivative of thebaine) |
| (၂) | အက်စီတိုင်းလ်-အယ်ဖာ-မီသိုင်းလ်ဖင်တနိုင်းလ်<br>(ACETYL-*ALPHA*-METHYLFENTANYL) | *N*-[1-(α-methylphenethyl)-4-piperidyl]acetanilide |
| (၃) | အက်စီတိုင်းလ်ဖင်တနိုင်းလ်<br>(ACETYLFENTANYL) | *N*-Phenyl-*N*-[1-(2-phenyethyl)-4-piperidyl]acetamide |
| (၄) | အက်စီတိုင်းလ်မီသာဒေါလ်<br>(ACETYLMETHADOL) | 3-acetoxy-6-dimethylamino-4,4-diphenylheptane |
| (၅) | အခရိုင်လိုလ်ဖင်တနိုင်းလ်<br>အခရိုင်လ်ဖင်တနိုင်းလ်<br>(ACRYLOYLFENTANYL)<br>(ACRYLFENTANYL) | *N*-phenyl-*N*-[1-(2-phenylethyl)piperidin-4-yl]prop-2-enamide |

| စဉ် | မူးယစ်ဆေးဝါး (NARCOTIC DRUG) | ဓာတုအမည် (CHEMICAL NAME) |
|---|---|---|
| (၆) | အယ်လ်ဖင်တာနီးလ် (ALFENTANIL) | *N*–[1–[2–(4–ethyl–4,5–dihydro–5–oxo–1*H*–tetrazol–1–yl)ethyl]–4–(methoxymethyl)–4–piperidinyl]–*N*–phenylpropanamide |
| (၇) | အေအိပ်–၇၉၂၁ (AH–7921) | 3,4–Dichloro–*N*–{[1–(dimethylamino) cyclohexyl]methyl}benzamide |
| (၈) | အယ်လိုင်လ်ပရိုဒင်း (ALLYLPRODINE) | 3–allyl–1–methyl–4–phenyl–4–propionoxypiperidine |
| (၉) | အယ်လ်ဖာစီတိုင်းလ် မီသာဒေါလ် (ALPHACETYL METHADOL) | *α*–3–acetoxy–6–dimethylamino–4,4–diphenylheptane |
| (၁၀) | အယ်လ်ဖာမီပရိုဒင်း (ALPHAMEPRODINE) | *α*–3–ethyl–1–methyl–4–phenyl–4–propionoxypiperidine |
| (၁၁) | အယ်လ်ဖာမီသာဒေါလ် (ALPHAMETHADOL) | *α*–6–dimethylamino–4,4–diphenyl–3–heptanol |
| (၁၂) | အယ်လ်ဖာ–မီသိုင်းလ်ဖင်တနိုင်းလ် (*ALPHA*–METHYLFENTANYL) | *N*–[1–(α–methylphenethyl)–4–piperidyl] propionanilide |
| (၁၃) | အယ်လ်ဖာ–မီသိုင်းလ်သီအိုဖင်တနိုင်းလ် (*ALPHA*–METHYLTHIOFENTANYL) | *N*–[1–[1–methyl–2–(2–thienyl)ethyl]–4–piperidyl]propionanilide |
| (၁၄) | အယ်လ်ဖာပရိုဒင်း (ALPHAPRODINE) | *α*–1,3–dimethyl–4–phenyl–4–propionoxypiperidine |
| (၁၅) | အင်နီလာရီဒင်း (ANILERIDINE) | 1–*p*–aminophenethyl–4–phenyl piperidine–4–carboxylic acid ethyl ester |
| (၁၆) | ဘင်ဇီသီဒင်း (BENZETHIDINE) | 1–(2–benzyloxyethyl)–4–phenyl piperidine–4–carboxylic acid ethyl ester |
| (၁၇) | ဘင်ဇိုင်းမော်ဖင်း (BENZYLMORPHINE) | 3–benzylmorphine |
| (၁၈) | ဘီတာအက်စီတိုင်းလ် မီသာဒေါလ် (BETACETYLMETHADOL) | β–3–acetoxy–6–dimethylamino–4,4–diphenylheptane |

| စဉ် | မူးယစ်ဆေးဝါး (NARCOTIC DRUG) | ဓာတုအမည် (CHEMICAL NAME) |
|---|---|---|
| (၁၉) | ဘီတာ-ဟိုက်ဒရိုစီဖင်တနိုင်းလ် (*BETA*-HYDROXYFENTANYL) | *N*-[1-(β-hydroxyphenethyl)-4-piperidyl] propionanilide |
| (၂၀) | ဘီတာ-ဟိုက်ဒရိုစီ-၃-မီသိုင်းလ်ဖင်တနိုင်းလ် (*BETA*-HYDROXY-3-METHYLFENTANYL) | *N*-[1-(β-hydroxyphenethyl)-3-methyl-4-piperidyl]propionanilide |
| (၂၁) | ဘီတာမီပရိုဒင်း (BETAMEPRODINE) | β-3-ethyl-1-methyl-4-phenyl-4-propionoxypiperidine |
| (၂၂) | ဘီတာမီသာဒေါလ် (BETAMETHADOL) | β-6-dimethylamino-4,4-diphenyl-3-heptanol |
| (၂၃) | ဘီတာပရိုဒင်း (BETAPRODINE) | β-1,3-dimethyl-4-phenyl-4-propionoxypiperidine |
| (၂၄) | ဘင်ဇီထရာမိုက် (BEZITRAMIDE) | 1-(3-cyano-3,3-diphenylpropyl)-4-(2-oxo-3-propionyl-1-benzimidazolinyl) piperidine |
| (၂၅) | ဘရိုအာဖင်း (BRORPHINE) | 1-{1-[1-(4-bromophenyl)ethyl]-piperidin-4-yl}-1,3-dihydro-2*H* -benzimidazol-2-one |
| (၂၆) | ဗျူတာဖင်တနိုင်းလ် (BUTYRFENTANYL) | *N*-phenyl-N-[1-(2-phenylethyl)-4-piperidinyl]butanamide |
| (၂၇) | ဆေးခြောက် (CANNABIS)<br>ဆေးခြောက် အဆီ၊ အစေးနှင့် အရည် (CANNABIS RESIN, EXTRACTS and TINCTURES) | the flowering or fruiting tops of the cannabis plant (resin not extracted)<br>the separated resin, crude or purified, obtained from the cannabis plant |
| (၂၈) | ကာဖင်တာနီးလ် (CARFENTANIL) | Methyl 1-(2-phenylethyl)-4-[phenyl (propanoyl)amino]piperidine-4-carboxylate |

| စဉ် | မူးယစ်ဆေးဝါး (NARCOTIC DRUG) | ဓာတုအမည် (CHEMICAL NAME) |
|---|---|---|
| (၂၉) | ကလိုနီတာဇင်း (CLONITAZENE) | 2–(*p*–chlorobenzyl)–1–diethylaminoethyl –5–nitrobenzimidazole |
| (၃၀) | ကိုကာ အရွက် (Coca leaf) | the leaf of the coca bush (plant material), except a leaf from which all ecgonine, cocaine and any other ecgonine alkaloids have been removed |
| (၃၁) | ကိုကင်း (COCAINE) | methyl ester of benzoylecgonine (an alkaloid found in coca leaves or prepared by synthesis from ecgonine) |
| (၃၂) | ကိုဒေါ့ဆင်း (CODOXIME) | dihydrocodeinone–6–carboxy methyloxime (derivate of morphine) |
| (၃၃) | ဘိန်းစိမ်း (CONCENTRATE OF POPPY STRAW) | |
| (၃၄) | ခရိုတိုနိုင်းလ်ဖင်တနိုင်းလ် (CROTONYLFENTANYL) | (E)–N–(1–phenethylpiperidin–4–yl)–*N*–phenylbut–2–enamide |
| (၃၅) | ဆိုက်ကလိုပရိုပိုင်းလ် ဖင်တနိုင်းလ် (CYCLOPROPYL FENTANYL) | *N*–Phenyl–*N*–[1–(2–phenylethyl)piperidin–4 yl]cyclopropanecarboxamide |
| (၃၆) | ဒီဆိုမော်ဖင်း (DESOMORPHINE) | Dihydrodesoxymorphine (derivative of morphine) |
| (၃၇) | ဒက်စထရိုမိုရာမိုက် (DEXTROMORAMIDE) | (+)–4–[2–methyl–4–oxo–3,3–diphenyl–4–(1–pyrrolidinyl)butyl]morpholine (dextro–rotatory isomer of moramide) |
| (၃၈) | ဒိုင်အမ်ပရိုမိုက် (DIAMPROMIDE) | *N*–[2–(methylphenethylamino)–propyl] propionanilide |
| (၃၉) | ဒိုင်အီသိုင်းလ် သိုင်အမ်ဗြူတင်း (DIETHYLTHIAMBUTENE) | 3–diethylamino–1,1–di–(2’–thienyl)–1–butene |
| (၄၀) | ဒိုင်ဖီနော့ဆင်း (DIFENOXIN) | 1–(3–cyano–3,3–diphenylpropyl)–4–phenylisonipecotic acid |

| စဉ် | မူးယစ်ဆေးဝါး (NARCOTIC DRUG) | ဓာတုအမည် (CHEMICAL NAME) |
|---|---|---|
| (၄၁) | ဒိုင်ဟိုက်ဒရိုအက်တော်ဖင်း (DIHYDROETORPHINE) | 7,8-dihydro-7α-[1-(*R*)-hydroxy-1-methylbutyl]-6,14-*endo*-ethanotetrahydrooripavine (derivative of etorphine) |
| (၄၂) | ဒိုင်ဟိုက်ဒရိုမော်ဖင်း (DIHYDROMORPHINE) | (derivative of morphine) |
| (၄၃) | ဒိုင်မီနိုဆာဒေါလ် (DIMENOXADOL) | 2-dimethylaminoethyl-1-ethoxy-1,1-diphenylacetate |
| (၄၄) | ဒိုင်မီဖက်တာနော(လ်) (DIMEPHEPTANOL) | 6-dimethylamino-4,4-diphenyl-3-heptanol |
| (၄၅) | ဒိုင်မီသိုင်းလ်သိုင်အမ်ဗြူတင်း (DIMETHYLTHIAMBUTENE) | 3-dimethylamino-1,1-di-(2'-thienyl)-1-butene |
| (၄၆) | ဒိုင်အောက်ဆာဖီတိုင်းလ် ဗြူတီရိတ် (DIOXAPHETYL BUTYRATE) | ethyl-4-morpholino-2,2-diphenylbutyrate |
| (၄၇) | ဒိုင်ဖီနောက်ဆီလိတ် (DIPHENOXYLATE) | 1-(3-cyano-3,3-diphenylpropyl)-4-phenylpiperidine -4- carboxylic acid ethyl ester |
| (၄၈) | ဒိုင်ပိုက်ပါနုန်း (DIPIPANONE) | 4,4-diphenyl-6-piperidine-3-heptanone |
| (၄၉) | ဒရိုတီဘာနော(လ်) (DROTEBANOL) | 3,4-dimethoxy-17-methylmorphinan-6β,14-diol |
| (၅၀) | အက်ဂိုနင်း (ECGONINE) | its esters and derivatives which are convertible to ecgonine and cocaine |
| (၅၁) | အီတာဇင်း (ETAZENE) | 2-[(4-Ethoxyphenyl)methyl]-N,N-diethyl-1H-benzimidazole-1-ethanamine |
| (၅၂) | အီသိုင်းလ်မီသိုင်းလ်သိုင်အမ်ဗြူတင်း (ETHYLMETHYLTHIAMBUTENE) | 3-ethylmethylamino-1,1-di-(2'-thienyl)-1-butene |
| (၅၃) | အီတိုနီတာဇင်း (ETONITAZENE) | 1-diethylaminoethyl-2-p-ethoxybenzyl-5-nitrobenzimidazole |

| စဉ် | မူးယစ်ဆေးဝါး (NARCOTIC DRUG) | ဓာတုအမည် (CHEMICAL NAME) |
|---|---|---|
| (၅၄) | အီတိုနိုတာဇီပင်း (ETONITAZEPYNE) | 2–[(4–Ethoxyphenyl)methyl]–5–nitro–1–(2–pyrrolidin–1–ylethyl)–1H–benzoimidazole |
| (၅၅) | အီတော်ဖင်း (ETORPHINE) | tetrahydro–7α–(1–hydroxy–1–methyl butyl)–6,14–*endo*–ethenooripavine (derivative of thebaine) |
| (၅၆) | အီတောက်ဆာရီဒင်း (ETOXERIDINE) | 1–[2–(2–hydroxyethoxy)–ethyl]–4–phenyl piperidine–4–carboxylic acid ethyl ester |
| (၅၇) | ဖင်တာနိုင်းလ် (FENTANYL) | 1–phenethyl–4–*N*–propionylanilino piperidine |
| (၅၈) | ၄–ဖလူအိုရိုအိုင်ဆိုဗြူတိုင်ဖင်တာနိုင်းလ် (4–FLUOROISOBUTYRFENTANYL (4–FIBF, pFIBF)) | *N–(4–fluorophenyl)–N–(1–phenetyl piperidin–4–yl)isobutyramide* |
| (၅၉) | ဖြူရာနိုင်းလ်ဖင်တာနိုင်းလ် (FURANYLFENTANYL) | *N*–phenyl–*N*–[1–(2–phenylethyl) piperidin–4–yl]furan–2–carboxamide |
| (၆၀) | ဖြူရီသီဒင်း (FURETHIDINE) | 1–(2–tetrahydrofurfuryloxyethyl)–4–phenyl piperidine–4–carboxylic acid ethyl ester |
| (၆၁) | ဘိန်းဖြူ (HEROIN) | diacetylmorphine (derivative of morphine) |
| (၆၂) | ဟိုက်ဒရိုကိုဒုန်း (HYDROCODONE) | dihydrocodeinone (derivative of morphine) |
| (၆၃) | ဟိုက်ဒရိုမော်ဖီနောလ် (HYDROMORPHINOL) | 14–hydroxydihydromorphine (derivative of morphine) |
| (၆၄) | ဟိုက်ဒရိုမော်ဖုန်း (HYDROMORPHONE) | dihydromorphinone (derivative of morphine) |
| (၆၅) | ဟိုက်ဒရောက်ဆီပက်သီဒင်း (HYDROXYPETHIDINE) | 4–m–hydroxyphenyl–1–methylpiperidine –4–carboxylic acid ethyl ester |
| (၆၆) | အိုက်ဆိုမက်သာဒုန်း (ISOMETHADONE) | 6–dimethylamino–5–methyl–4,4–diphenyl–3–hexanone |

| စဉ် | မူးယစ်ဆေးဝါး (NARCOTIC DRUG) | ဓာတုအမည် (CHEMICAL NAME) |
|---|---|---|
| (၆၇) | အိုက်ဆိုတိုနီတာဇင်း (ISOTONITAZENE) | *N,N*–diethyl–2–(2–(4–isopropoxybenzyl) –5–nitro–1*H*–benzo[*d*]imidazol–1–yl) ethan–1–amine |
| (၆၈) | ကီတိုဘီမီဒုန်း (KETOBEMIDONE) | 4–*m*–hydroxyphenyl–1–methyl–4–propionylpiperidine |
| (၆၉) | လီဗိုမီသော်ဖန် (LEVOMETHORPHAN) | (–)–3–methoxy–*N*–methylmorphinan |
